**ဗီယင်နာအခြေစိုက် ကုလသမဂ္ဂအမျိုးသမီးများအသင်း (UNWG) ၏ အပြည်ပြည်ဆိုင်ရာ ဈေးရောင်းပွဲတော်တွင် မြန်မာသံရုံး/အဖွဲ့ရုံး ပါဝင်ဆင်နွှဲ (၁-၁၂-၂၀၂၅ ရက်၊ ဗီယင်နာ)**

ဗီယင်နာအခြေစိုက် ကုလသမဂ္ဂအမျိုးသမီးများအသင်း (UNWG)က ကြီးမှူးလျက် အပြည်ပြည်ဆိုင်ရာဈေးရောင်းပွဲတော်ကို သြစတြီးယားစင်တာ၌ ၂၈-၁၁-၂၀၂၅ ရက်ညနေပိုင်းတွင် စတင်ဖွင့်လှစ်ခဲ့ပြီး၊၂၉-၁၁-၂၀၂၅ ရက်တွင် ကျင်းပခဲ့ရာ မြန်မာသံရုံး/ အမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး၊ ဗီယင်နာမြို့က ပါဝင်ဆင်နွှဲခဲ့ပါသည်။

အဆိုပါဈေးရောင်းပွဲတော်တွင် မြန်မာသံရုံး/အဖွဲ့ရုံးသည် ဗီယင်နာမြို့အခြေစိုက်အခြားသံရုံး/ အမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးများ၊ အဖွဲ့အစည်းများနှင့်အတူ ကမ္ဘာတစ်ဝန်းရှိ အကူအညီလိုအပ်နေသည့် အမျိုးသမီးနှင့် ကလေးသူငယ်များအတွက် ရန်ပုံငွေများပံ့ပိုးလှူဒါန်းနိုင်ရန်အတွက် မြန်မာ့ရိုးရာ အဝတ်အထည်များနှင့် လက်မှုပစ္စည်းများကို ခင်းကျင်းရောင်းချခဲ့ပါသည်။ ထို့ပြင်မြန်မာသံရုံး/ အဖွဲ့ရုံးအနေဖြင့် နိုင်ငံများအလိုက် ကမ္ဘာ့ဝတ်စားဆင်ယင်မှုပြပွဲတွင် ပါဝင်ပြသခဲ့ပြီး၊ မြန်မာ့ရိုးရာ အကဖြင့်လည်း ဖျော်ဖြေတင်ဆက်ခဲ့ပါသည်။

UNWG သည် ကမ္ဘာတစ်ဝန်းရှိ အကူအညီလိုအပ်နေသည့် အမျိုးသမီးနှင့် ကလေးသူငယ်များ အတွက် အကူအညီပေးအပ်ရေးအစီအစဉ်များ၊ ပညာရေးနှင့် မရှိမဖြစ်လိုအပ်မှုများကို ဖြည့်ဆည်း ပေးနိုင်ရန်အတွက် ရန်ပုံငွေရှာဖွေပေးသည့် အဖွဲ့အစည်းဖြစ်ပြီး၊ သြစတြီးယားနှင့် အခြားနိုင်ငံတကာ အဖွဲ့အစည်းများနှင့် မိတ်ဖက်ပူးပေါင်းလျက် ဒေသတွင်းနှင့် ကမ္ဘာအရပ်ရပ်ရှိလှူဒါန်းမှုများကို ကူညီ ပံ့ပိုးလျက်ရှိပါသည်။

****************************

**Myanmar Embassy/Permanent Mission Participates in the UNWG International Festival–Charity Bazaar in Vienna**
**(1 December 2025, Vienna)**

The Myanmar Embassy and Permanent Mission in Vienna participated in the International Festival–Charity Bazaar organized by the United Nations Women's Guild Vienna (UNWG), held at the Austria Center Vienna on 29 November 2025. The event was opened in the evening of 28 November 2025.

Together with other diplomatic missions and organizations based in Vienna, the Myanmar Embassy and Permanent Mission showcased and sold traditional Myanmar textiles and handicrafts at the bazaar to raise funds for women and children in need around the world. The Embassy and Permanent Mission also took part in the Costumes of the World parade and performed a traditional Myanmar dance.

The UNWG is dedicated to raising funds to support vulnerable women and children worldwide through the provision of assistance programmes, educational opportunities and essential services. Through partnerships with Austrian and international organizations, the UNWG supports charitable efforts both locally and globally.

*********************************


MYANMAR
WELCOME TO MYANMAR


UN WG
United Nations Women's Guild
UN WG
INTERNATIONAL FESTIVAL CHARITY BAZAAR
Joining Hands to Help Children
WELCOME TO
International Festival


UN WG
Joining Hands to Help Children
FESTIVAL
United Nations Women's Guild
WELCOME TO
International Festival
CHARITY
BAZAAR
ALL PROCEEDS GO TO CHILDREN CHARITIES


MYANMAR
WELCOME TO MYANMAR